# ၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစံနစ်တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှကာကွယ်သည့် ဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃။]

## နိဒါန်း။

တော်လှန်ရေးကောင်စီသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကိုကျေညာ၍ ယင်းလမ်းစဉ်အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဆိုရှယ်လစ် စီးပွါးရေးစံနစ်ကို ထူထောင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

သို့ရာတွင် ဆိုရှယ်လစ်စံနစ်ကို မလိုလားသူများသည် ဆိုရှယ်လစ်စီးပွါးရေးစံနစ်တည်ဆောက်မှုကိုအဘက်ဘက်မှ ဆန့်ကျင်ဘက်ပြုနေကြသည်။ ကိုယ်ကျိုးရှာ စီးပွါးရေးသမားများသည်လည်း တိုင်းသူပြည်သားလူအများ၊ အထူးသဖြင့် တောင်သူ လယ်သမားများ၊ အလုပ်သမားများ၊ တိုင်းပြည်အတွက် အလုပ်လုပ်သောအတတ်ပညာသည်များနှင့် အသိပညာရှင်များ အစရှိသည့် လုပ်သားပြည်သူတရပ်လုံး၏ လူ့ဘဝလိုအင်ဆန္ဒများကိုဖြည့်စွမ်းပေးရန်ထက်၊ မိမိတကိုယ်တည်းအတွက် အမြတ်ရရေးကိုသာရှေးရှု၍၊ အစိုးရ၏စီးပွါးရေးလုပ်ငန်းများကိုဆန့်ကျင်ဘက်ပြုနေကြသည်။

ဤဆန့်ကျင်ဘက်လုပ်ငန်းများကိုတားဆီးဖယ်ရှားပစ်နိုင်မှသာလျှင်၊ ဆိုရှယ်လစ်စီးပွါးရေးစံနစ်ကို လျင်လျင်မြန်မြန်အောင်မြင်စွာထူထောင်နိုင်မည်။

ထို့ကြောင့် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### အမည်၊ အာဏာတည်ရန်ရက်နှင့်အဓိပ္ပါယ်ဖေါ်ပြချက်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင် ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ဤဥပဒေတွင် စာလုံးများသည် အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်။

"ဆိုရှယ်လစ်စီးပွါးရေးစံနစ်" ဆိုသည်မှာ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီက ၁၉၆၂ ခု၊ ဧပြီလ ၃၀ ရက်နေ့တွင် ဝါဒသဘောထားကျေညာချက်အဖြစ်ထုတ်ပြန်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်တွင် ဖေါ်ပြသည့် အတိုင်းဖြစ်သည်။

(၂) ဤဥပဒေပါ စကားရပ်များ၏ အဓိပ္ပါယ်ကောက်ယူချက်နှင့် စပ်လျဉ်း၍၊ ဤကိစ္စအလို့ငှါ အစိုးရကခန့်ထားသည့်အဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်စေရမည်။

## အခန်း ၂။

### ဆိုရှယ်လစ်စီးပွါးရေးစံနစ်တည်ဆောက်မှုကို ဆန့်ကျင်ခြင်းအား တားမြစ်ခြင်း။

၃။ ။(၁) မည်သူမဆို ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက်မှုကို ဆန့်ကျင်လျှင် ဤဥပဒေအရ ပြစ်မှုကျူးလွန်သည်မည်၏။ ဤသို့ ပြစ်မှုကျူးလွန်သည့် လုပ်ငန်းများတွင် အောက်ပါတို့အကျုံးဝင်သည်။

(က) အစိုးရကချမှတ်ထားသည့် သဘောထား၊ လုပ်ငန်းစဉ်နှင့် အစိုးရ လုပ်ကိုင်နေသည့် လုပ်ငန်းတရပ်ရပ်ကို ပျက်စီးစေရန်လုပ်ကိုင်ခြင်း၊ ယင်းသို့လုပ်ကိုင်သည်ကိုအားပေးခြင်း။

(ခ) ပြည်သူပိုင်နှင့် အများပိုင်ပစ္စည်းများကို ဖျက်ဆီးခြင်း၊ယင်းသို့ဖျက်ဆီး သည်ကိုအားပေးခြင်း။

(ဂ) ဆိုရှယ်လစ်စီးပွါးရေးစံနစ်တည်ဆောက်မှုအတွက် အကျုံးဝင်သော ကုန်ထုတ်လုပ်ငန်း၊ သယ်ယူ ပို့ဆောင်ရေး လုပ်ငန်း၊သိုလှောင်ရေး လုပ်ငန်း၊ရောင်းဝယ်ဖေါက်ကားရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းစသည် တို့ကို နှောင့်ယှက်ခြင်း၊ ယင်းသို့နှောင့်ယှက်သည်ကို အားပေးခြင်း။

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းမှ နိုင်ငံခြားများသို့ သော်၎င်း၊ နိုင်ငံခြားများမှ ပြည်ထောင်စုမြန်မာ နိုင်ငံ အတွင်းသို့သော်၎င်း၊ ပစ္စည်းများ၊ ငွေများကို မတရားထုတ်ယူခြင်း၊ တင်သွင်းခြင်းနှင့် ယင်းသို့ပြုလုပ်သည်ကို အားပေးခြင်း။

(င) ဆိုရှယ်လစ်စီးပွါးရေး စံနစ်တည်ဆောက်မှုတွင် ပါဝင်လုပ်ကိုင်နေ သောသူများအား အလုပ်အကိုင် ပျက်အောင် နှောင့်ယှက်ခြင်း၊ ယင်းသို့နှောင့်ယှက်သည်ကို အားပေးခြင်း။

(၂) အခြားတည်ဆဲ တရားဥပဒေတရပ်ရပ်တွင် မည်သို့ပင် ပါစေကာမူ အထက် ပုဒ်မခွဲ (၁) အရ ပြစ်မှုကျူးလွန်သူတဦးသည် အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်၊ အများဆုံး သေဒဏ်အထိကျခံစေရမည့်အပြင်၊ ၎င်းပိုင်ဆိုင်သည့်ပစ္စည်းနှင့်ငွေများ ကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

## အခန်း ၃။

### အမှုစွဲဆိုနည်းနှင့်စစ်ဆေးနည်း။

၄။ ။(၁) ဤဥပဒေအရ အရေးယူသည့်ကိစ္စတိုင်းတွင် အစိုးရ၏ကြိုတင်ခွင့်ပြု ချက်ကိုရယူရမည်။

(၂) အစိုးရသည် ဤဥပဒေအရ အရေးယူသည့်အမှုများကို စစ်ဆေးရန်အထူး ခုံရုံးဖွဲ့စည်းပေးရမည်။

(၃) ပုဒ်မခွဲ (၂) အရ ဖွဲ့စည်းသောအထူးခုံရုံး၏ အပြီးအပိုင်ဆုံးဖြတ်ချက် တရပ်သည် တော်လှန်ရေးကောင်စီက ဤကိစ္စအလို့ငှါ ဖွဲ့စည်းပေးသည့် အတည်ပြု အာဏာပိုင်အဖွဲ့ကအတည်ပြုမှသာ အတည်ဖြစ်စေရမည်။

(၄) ပုဒ်မခွဲ (၃) အရ ဖွဲ့စည်းသော အတည်ပြုအာဏာပိုင်အဖွဲ့၏ အပြီးအပိုင်ဆုံးဖြတ်ချက်ကို တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌထံသို့သာ အယူခံနိုင်သည်။

## အခန်း ၄။

### အထွေထွေ။

၅။ ။ဤဥပဒေနှင့် ပတ်သက်သည့်ကိစ္စရပ်များအတွက် အစိုးရသည် နည်းဥပဒေများပြုလုပ်၍ ပြဋ္ဌာန်းပေးနိုင်သည်။ ယင်းနည်းဥပဒေများသည် ဤဥပဒေကဲ့သို့ အာဏာတည်စေရမည်။